ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

# ၂၀၂၀ ပြည့်နှစ် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေသော မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အသိပေးထုတ်ပြန်ချက်(၈)

၁။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပမည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လွှတ်တော်အသီးအသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အစိုးရ၏ခွင့်ပြုချက်ဖြင့် အမေရိကန်ပြည်ထောင်စုသို့ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့ သက်ဆိုင်ရာ မဲဆန္ဒနယ်များအတွက် ကြိုတင်ဆန္ဒမဲများ ပေးအပ်နိုင်ရန် မြန်မာသံရုံး၊ ဝါရှင်တန်မြို့၌ အောက်ဖော်ပြပါ နေ့ရက်များတွင် မဲရုံဖွင့်လှစ်သွားမည်ဖြစ်ပါသည် -

| | | |
|---|---|---|
| ကြိုတင်ဆန္ဒမဲပေးမည့် နေ့ရက် | - | ၁၀-၁၀-၂၀၂၀ ရက်၊ (စနေနေ့) နှင့်<br>၁၁-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) |
| ကြိုတင်ဆန္ဒမဲပေးမည့် အချိန် | - | နံနက် (၀၈:၀၀) နာရီ မှ ညနေ (၀၅:၀၀) နာရီ အထိ |
| ကြိုတင်ဆန္ဒမဲပေးမည့် နေရာ | - | **မြန်မာသံရုံး၊ ဝါရှင်တန်မြို့။**<br>**2300 S street, N.W. Washington D.C., 20008** |
| ကြိုတင်ဆန္ဒမဲပေးရန်အကျုံးဝင်သည့် ပြည်နယ်များ | - | Arkansas ၊ Colorado ၊ Delaware ၊ Florida ၊ Georgia၊ Louisiana ၊ Maryland ၊ Massachusetts ၊ Minnesota ၊ Mississippi ၊ New Hampshire ၊ North Carolina ၊ North Dakota ၊ Oklahoma ၊ Pennsylvania ၊ South Carolina ၊ Tennessee ၊ Texas ၊ Vermont ၊ Virginia ၊ Washington D.C. ၊ West Virginia ၊ |

၂။ အမေရိကန်ပြည်ထောင်စုသည် နယ်မြေဧရိယာ ကျယ်ပြန့်သောနိုင်ငံဖြစ်ခြင်း၊ ကမ္ဘာ့ကပ်ရောဂါ COVID-19 ကူးစက်ပြန့်ပွားမှုများ ဆက်လက်ရှိနေဆဲဖြစ်ခြင်း၊ ပြည်နယ်များအကြား ခရီးသွားလာမှု ကန့်သတ်ထားခြင်း၊ ရောဂါကာကွယ်ရန် နေအိမ်များ၌ သီးသန့်ခွဲနေမှု (Quarantine) သတ်မှတ်ချက် အသီးသီးရှိကြပါသော်လည်း မြန်မာနိုင်ငံသားများ၏ ဆန္ဒမဲပေးသည့် အခွင့်အရေး မဆုံးရှုံးစေရန်နှင့် ကြိုတင်ဆန္ဒမဲပေးမှု အဆင်ပြေစေရန်အတွက် မဲရုံခွဲအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ် သွားမည်ဖြစ်ပါသည် -

| | | |
|---|---|---|
| ကြိုတင်ဆန္ဒမဲပေးမည့် နေ့ရက် | - | ၁၁-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) |
| ကြိုတင်ဆန္ဒမဲပေးမည့် အချိန် | - | နံနက် (၀၈:၀၀) နာရီ မှ ညနေ (၀၅:၀၀) နာရီ အထိ |
| ကြိုတင်ဆန္ဒမဲပေးမည့် နေရာ | - | **ဇေတဝန်ကျောင်းတိုက် (Temple Jetavan Vihara)**<br>**6615 Hanna St., Fort Wayne, IN 46816** |
| ကြိုတင်ဆန္ဒမဲပေးရန် အကျုံးဝင်သည့် ပြည်နယ်များ | - | Illinois ၊ Indiana ၊ Iowa ၊ Kansas ၊ Kentucky ၊ Michigan ၊ Missouri ၊ Nebraska ၊ Ohio ၊ Wisconsin ၊ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းအား လက်ခံရရှိသည့်အချိန်တွင် ဆက်လက်၍ အသိပေးကြေညာသွားမည်ဖြစ်ပါကြောင်းနှင့် ကြိုတင်ဆန္ဒမဲပေးအပ်မည့် အသေးစိတ် အစီအစဉ်များအား အချိန်နှင့် တစ်ပြေးညီကြေညာသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာသံရုံး၊ ဝါရှင်တန်မြို့။**
**ရက်စွဲ၊၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ၂၁ ရက် ။**

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR WASHINGTON